# ဇော်ဂျီ

# မိုးကြယ်မှိုလား

နှင့်

## အခြားဝတ္ထုတိုများ

နိုဗယ်လ်ဆုရ စာရေးဆရာများနှင့် သူတို့၏ ကမ္ဘာကျော်ဝတ္ထုတိုများ

♥ ♥ ♥

# သိပ္ပံ သုတေသနပညာရှင်
# အဲလဖရက်၊ နိုဗဲ [၁၈၃၃ -၁၈၉၆]
## Alfred Nobel [1833 -1896]
## နိုဗဲနှင့် နိုဗဲစာပေဆု

အဲလဖရက်၊ နိုဗဲ (Alfred Nobel) သည် ဆွီဒင်နိုင်ငံသား ဖြစ်သည် ။ ၁၈၃၃ တွင် ဖွားမြင်၍ ၁၈၉၆ တွင် ကွယ်လွန်သည် ။ သူ့အဖသည် သိပ္ပံ သုတေနပညာရှင် ဖြစ်၍ သူ့အမိသည် စာပေဝါသနာသူ ဖြစ်သည် ။

ကျပ်နိုဗဲသည် ကျန်းမာရေး ကောင်းလှသူ မဟုတ်ချေ။ ငယ်စဉ်အခါ ကပင် ကျန်းမာရေး ချို့တဲ့ သူ ဖြစ်သည် ။ နာဖျားမကျန်း ဖြစ်သည့်အခါ အမိပြောပြသော ဆွီဒင် ရှေ့ဟောင်းပုံပြင်တို့ ကို နားထောင်၍ သက်သာ ရာ သက်သာကြောင့်ကို ရှာတတ်သည် ။ ကြီးပြင်လာသော အခါ အဖကဲ့ သို့ သိပ္ပံပညာ၌ စိတ်ဝင်စားသည် ။ အတွေ းအခေါ်၌ ဝါသနာပါသော ၊ အာဝဇ္ဇန်းရွှင်သော ၊ ပုံပြောကောင်း သော သူ ဖြစ်သည် ဟု လည်း သိရ သည် ။ အမေရိကန်ပြည်ထောင်စုသို့ သွား၍ နာမည် ကျော် အင်ဂျင်နီ ယာ ဆရာကြီး တစ်ဦး ထံ၌ စက်မှုအင်ဂျင်နီယာကို ပူးပူးကပ်ကပ် သင် ယူသည် ။

ဆွီဒင်နိုင်ငံသို့ ပြန်ရောက်သော အခါ လူသုံးပစ္စည်း အမျိုးမျိုးကို တီ ထွင်သည် ။ သူအထူး တီထွင်သော အရာသည် ဒိုင်းနမိုက်ခေါ် ယမ်းဘီ

လူး ဖြစ်သည် ။ တီထွင်ခါစတွင် တူးမြောင်းများ တူးဖော်ရေး အတွက် လည်းကောင်း၊ ကျောက်တောင်များ ၌ မီးရထားသွား လိုဏ်ခေါင်း ဖောက်ရေး အတွက် လည်းကောင်း မြေကြီးနှင့် ကျောက်တောင်တို့ ကို ဖောက်ခွဲရန် ယမ်းဘီလူးကို အသုံးများ ကြသည် ။

သူ၏ တီထွင်မှု အမျိုးမျိုးကို အကြောင်းပြုလျက် နိုဗဲသည် ကမ္ဘာပေါ် ၌ အချမ်းသာဆုံး သူဌေးများ တွင် တစ်ဦးအပါအဝင် ဖြစ်လာသည် ။

နောင်အခါ ယမ်းဘီလူးသည် လူ့လောက ပျက်စီးရာ အသုံးပြု လာကြသော ကြောင့် သူ့ယမ်းဘီလူးသည် လူ့လောက ပျက်စီးရာ ပျက်စီးကြောင်းလည်း ဖြစ်ရသည် ကို တွေ့လာသော အခါ နိုဗဲသည် ပြင်းစွာ တုန်လှုပ်၍ စိတ်မချမ်းမသာ ဖြစ်ရှာသည် ။ ထို့ကြောင့် လူ့လောက ငြိမ်းချမ်း တိုးတက်မှု ရှိလာသော ဆန္ဒဖြင့် လည်းကောင်း၊ မေတ္တာစိတ်၊ ကရုဏာစိတ် ပွါးများမှု ရှိလာစေသော ဆန္ဒဖြင့် လည်းကောင်း သူ့စည်းစိမ် တစ်ခုလုံးကို လှူဒါန်းခဲ့သည် ။

နိုဗဲသည် သူ့မကွယ်လွန်မီ တစ်နှစ် အလို ဖြစ်သော ၁၈၉၅ ခုတွင် တစ်ကမ္ဘာလုံးက အံ့အားသင့်ရသော သေတမ်းစာကို ရေး ခဲ့သည် ။ ထို သေတမ်းစာအရ သိရသည် မှာ ရင်းနှီး မတည်ငွေ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းစေ၍ ထိုအဖွဲ့အစည်းသို့ သူစည်းစိမ် တစ်ခုလုံးကို အပ်နှင်းကြောင်း၊ သူ့စည်းစိမ်ကို အရင်းအနှီးပြုလျက် ထိုအရင်းအတနှီးမှ နှစ် စဉ်ရသော အကျိုးအမြတ်ငွေများ ကို ငါးစု အညီအမျှ ခွဲလျက်(၁) ရူပဗေဒဖြင့် လည်းကောင်း၊ (၂) ဓာတုဗေဒဖြင့် လည်းကောင်း၊ (၃) ဆေးပညာဖြင့် လည်းကောင်း (၄) ရသစာပေဖြင့် လည်းကောင်း၊ (၅) ငြိမ်းချမ်းရေး ဆောင်ရွက်ချက်ဖြင့် လည်းကောင်း လူ့လောကကို ထူးထူးချွန်ချွန် အကျိုးပြုနိုင်ကြသော ပုဂ္ဂိုလ်ငါးဦးကို အဆိုပါ အဖွဲ့အစည်းက နှစ် စဉ်နှစ် တိုင်း ရွေး

ချယ်၍ ဆုချီးမြှင့်စေ လိုကြောင်း သိရပါသည်။ နှစ် စဉ်ရရှိသော အမြတ်ငွေ အင်အားအလိုက် ဆုတစ်ဆုလဆင် ယခုအခါ၌ ဒေါ်လာ တစ်သိန်းကျော် တန်နေပြီဟု သိရသည်။

နိုဗဲစာပေဆုကို ဆွီဒင်နိုင်ငံ၊ စတော့ဟု မ်းမြို့ရှိ ဆွီဒင်ပညာ့ခွန်အသင်းက ကြီးမှူးလျက် ဆွီဒင်ဘုရင်မင်းမြတ်က ၁၉၀၁ ခုနှစ်မှ စ၍ ဆုရသူများ အား အပ်နှင်းလေ့ရှိရာ ၁၉၇၅ ခုအထိ စာရေး ဆရာပေါင်း ၇၀ နီးပါးမျှ ရှိ လာပြီ ဖြစ်သည်။ ထိုစာရေး ဆရာများ သည် သူတို့ နိုင်ငံများသာမက အခြားနိုင်ငံများ ၌ လည်း ကျောစောကြသူများ ဖြစ်၍ ပြင်သစ်၊ ဂျာမနီ၊ နော်ဝေ၊ စပိန်၊ ပိုလန်၊ အီတလီ၊ အင်္ဂလန်၊ ဆွီဒင်၊ ဘဲလဂျီယန်၊ အိန္ဒိယ၊ ဒိန်းမတ်၊ အိုင်ယာလန်၊ အမေရိကန် ပြည်ထောင်စု၊ ရုရှား၊ ဆိုဗီယက် ရုရှား၊ ဖင်လင်၊ ချီလီ၊ ဆွစ်ဇာလန်၊ အိုက်စလန်၊ ယူဂိုစလပ်ဗီးယား၊ ဂရိ၊ အစ္စရေး ၊ ဂွါတာမာလာ၊ ဂျပန်၊ ဩစထရေး လျား နိုင်ငံတို့ မှ ဖြစ်ကြပါသည်။

♥ ♥ ♥

# နော်ဝေ အမျိုးသားစာရေး ဆရာ

# ဗျန်ဆင် [၁၈၃၂-၁၉၁၀]

# B .Bjornson [1832-1910]

နော်ဝေနိုင်ငံသား ဗျန်ဆင်၏ ဘဝသမိုင်းသည် သခင်ကိုယ်တော် မှိုင်း၏ ဘဝသမိုင်းနှင့် ခပ်ဆင်တူသည် ။ သခင်ကိုယ်တော် မှိုင်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ကလောင်ထမ်း၍ ပါဝင်ခဲ့သည် ။ ဗျန်ဆင်သည် လည်း နော်ဝေနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ကလောင်ထမ်း၍ ပါဝင်ခဲ့သည် ။

ဗျန်ဆင်သည် ကျေးလက် ရွာငယ်တစ်ရွာတွင် ၁၈၃၂ ခုနှစ်၌ ဖွားမြင်၍ ၁၉၁၀ ခုနှစ်တွင် ကွယ်လွန်သည် ။ အဖသည် ခရစ်ယာန် သင်းအုပ်ဆရာ ဖြစ်၍ စည်းကမ်းကြီးသူ ဖြစ်သည် ဟု ဆိုသည် ။ ဗျန်ဆင်သည် ငယ်စဉ်ကပင် ခွန်အားဗလနှင့်လည်း ပြည့်စုံ၍ ထက်မြက်သူလည်း ဖြစ်ရာ အဖသည် သားကို အထူး ဂရုပြု၍ စည်းကမ်းပေးသည် ။ ရာဇဝတ်မှုကို ကြောက်တတ်အောင် သားကို သူသတ်ကုန်းသို့ သွားစေ၍ ရာဇဝတ်ကောင် အကွပ်အမျက် ခံရပုံကို အကြည့်ခိုင်းဖူးသည် ဟု ဆိုသည် ။ ဗျန်းဆင်သည် ကျေးလက်တောရွာတွင် နော်ဝေ တောင်သူလယ်သမား တို့၏ ဝန်းကျင်၌ ကြီးပြင်လာသူ ဖြစ်သော်လည်း အဖ၏ ဝီရိယကြောင့် ပညာသင်ကြား ခွင့် ရခဲ့သည် ။ အချိန်တန်သော အခါ အော်စလို တက္ကလိုသ်၌ ပညာဆက်လက်သင် ကြားခွင့် ရပြန်သည် ။

ဗျန်ဆင် လူလားမြောက်လာသော ခေတ်သည် နော်ဝေ နိုင်ငံသမိုင်း၌ ရာဇဝင်တွင် သော ခေတ် ဖြစ်သည် ။ ၁၈၁၄ ခုနှစ်အထိ နော်ဝင်သည် ဒိန်းမတ်နိုင်ငံ၏ အအုပ်အချုပ်အောက်၌ ရှိခဲ့၍ ၁၉၁၄ ခုနှစ် လွန်သော

အခါ ဆွီဒင်နိုင်ငံ၏ အအုပ်အချုပ်အောက်သို့ ပြောင်းခဲ့ရပြန်သည် ။ ထို အခါမှ စ၍ နော်ဝေ လူမျိုးတို့ သည် လွတ်လပ်ရေး အတွက် ကြိုးပမ်း လာ ကြသည် ။ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် နော်ဝေ ဘာသာ စ ကားနှင့် စာပေကိစ္စလည်း ပါဝင်သည် ။ နော်ဝေ ဘာသာ စကားသည် အိုက်စလင်ကျွန်း၊ ဒိန်းမတ်နိုင်ငံ၊ ဆွီဒင်နိုင်ငံတို့ ၌ ပြောဆို ကြသော စ ကားမှ ဆင်းသက်လာသော စကား ဖြစ်သည် ။

သို့ ရာတွင် ကာလလျားသော် နိုင်ငံအလိုက် အသုံးအနှုန်း မတူ၊ တ စ်စတစ်စ ကွဲပြားခြားနားခြင်း ရှိလာသည် ။ ၁၉ ရာစုခတ်သို့ ရောက်၍ နော်ဝေသည် လွတ်လပ်ရေး ကို တောင့်တ လာသော အခါ နော်ဝေ၌ ပြောကြသော စကားတွင် နော်ဝေ ကျေးတော တောင်သူ လယ်သမားတို့ ပြောဆိုသော နော်ဝေမှုကို ပိုမိုထင်ရှား စေချင်သော ဆန္ဒ ပြင်းပြလာသ ည် ။ ထို့ကြောင့် ထိုဘာသာစကား ကိစ္စကို အော်စလို တက္ကသိုလ် ကျော င်းမှ အစပြု၍ အားထုတ်နေကြဆဲ ဖြစ်သည် ။

စာပေအရာ၌ လည်း နော်ဝေ စာအယူအဆတို့ တွင် ဥရောပ အလ ယ်ခေတ် စာပေအယူအဆ အဟောင်းများ ကသာ လွှမ်းမိုးနေကြသ ည် ဖြစ်ရာ ထိုဘဝမှ လွတ်မြောက်ချင် သော ဆန္ဒသည် လည်း ပြင်းပြ လာသည် ။ ထို့ကြောင့် စာရေး ဆရာအချို့သည် နောဝေ အမျိုးသား ပုံပြ င်များ ကို လည်းကောင်း၊ နော်ဝေ ဓလေ့ဘာသာ ကဗျာ့ သီချင်းများ ကို လည်းကောင်း ရှာဖွေလေ့လာ၍ ပြန်လည် ဖော်ထုတ် နေကြသည် ။ အ ဆိုပါ ပုံပြင်များ နှင့် ဓလေ့ဘာသာ ကဗျာ သီးချင်းတို့ သည် ရှေး နော်ဝေပြည်သားတို့ စွန့်စားကြပုံ၊ သစ္စာစောင့်ကြပုံ၊ သတ္တိရှိကြပုံ၊ ဝီရိယ ရှိကြပုံ စသည့်တို့ ကို ချီးကျူး ဖွဲ့ဆိုထားသော စာများ ဖြစ်ကြသည် ။

ဗျန်ဆင်သည် အော်စလို တက္ကသိုလ်၌ ပညာသင်ယူနေစဉ် အခါကပ

င် နိုင်ငံလွတ်လပ်ရေး အတွက် လည်းကောင်း စိတ်အားထက်သန်ခြင်း ရှိခဲ့သည် ။ ထို့ကြောင့် တက္ကသိုလ်မှ ထွက်လာသော အခါ နိုင်ငံရေး စစ်မျက်နှာ၊ ယဉ်ကျေးမှု စစ်မျက်နှာ နှစ် ခုစလုံးမှ နေ၍ တိုက်ပွဲဝင်လိုသဖြင့် စာနယ်ဇင်းလောကသို့ ဝင်လိုက်သည် ။ နိုင်ငံရေး စစ်မျက်နှာတွင် နိုင်ငံလွတ်လပ်ရေး ၊ ဒီမိုကရေစီအရေး တို့ အတွက် နိုင်ငံရေး သွေးထိုးဆောင်းပါး အမြောက်အမြားကို ရေး သည် ။ သက်ဦးဆံပိုင်စနစ်၊ မြို့စားနယ်စား ဗျူရိုကရက် စနစ်တို့ ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်သည် ။ လွတ်လပ်ရေး နှင့် ဒီမိုကရေစီ တရားကို တွင် တွင် ကြီး ဟောသည် ။ သူ့ဆောင်းပါးများ သည် စူးရှလှသည် ဖြစ်သဖြင့် ဆွီဒင်မင်းသည် ဗျန်ဆင်ကို နိုင်ငံတော် သစ္စာဖောက် ပုန်ကန်မှုဖြင့် ဖမ်းမည် ပြုရာ ဗျန်ဆင်သည် နိုင်ငံခြားတွင် နှစ် နှစ် ခန့် တိမ်းရှောင်နေခဲ့ ရသည် ။

ယဉ်ကျေးမှု စစ်မျက်နှာတွင် ဗျန်ဆင်သည် နော်ဝေတောင်သူ လယ်သမားဘဲ့ ဝတ္ထုများ ဖြင့် ထိုးစစ်ဆင်ခဲ့သည် ။ သူ့အဖွဲ့များ သည် တိုင်းချစ်ပြည်ချစ် စေတနာကို နှိုးဆော်ပေးရာ ရောက်သည် ။ ထိုမျှ သာမက ထိုအဖွဲ့တွင် မေတ္တာတရား၊ ကရုဏာတရားတို့ ၏ ဂုဏ်ကျေးဇူးကို ချီးကျူးဖွဲ့ ဆိုတတ်သော ကြောင့် မေတ္တာ စေတနာ၊ ကရုဏာ စေတနာ တို့ ကို နှိုးဆော် ပေးရာလည်း ရောက်သည် ။ ဗျန်ဆင်သည် ငယ်စဉ်က နော်ဝေ တောင်သူလယ်သမား တို့ နှင့် ရင်းနှီးခြင်း ရှိခဲ့၍ ထိုသူတို့ ၏ ကိုယ်နှုတ်နှလုံး အမူအရာတို့ ကို လည်းကောင်း၊ ထိုသူတို့ ၏ သုခ ဒုက္ခတို့ ကို လည်းကောင်း သိကျွမ်းခဲ့သူ ဖြစ်သည် ။ ထိုသူတို့ ကို သူတွေ့ မြင်တိုင်း နော်ဝေပုံပြင်များ နှင့် ဓလေ့ဘာသာ ကဗျာသီးချင်းတို့ ၌ ဖွဲ့ဆိုထားသော ရှေးနော်ဝေ ပြည်သူပြည်သားတို့ ၏ သတ္တိဗျတ္တိ ဝီရိယ စသည် တို့ ကို သူ သတိရသည် ။

ထိုပုံပြင် ထိုခေလေ့ ဘာသာ ကဗျာ သီးချင်းများ ကို သူ ဖတ်ရှုကြားနာရတိုင်း သူ့ပတ်ဝန်းကျင် ရှိတောင်သူလယ်သမား တို့ ၏ သတ္တိဗျတ္တိ ဝီရိယ တို့ ကို သူ သတိပြုမိဟန် တူသည် ။ သူရေး သမျှသော ကဗျာ ပြဇာတ် ဝတ္ထုတို့ ၌ နော်ဝေ တောင်သူလယ်သမား အဖွဲ့မျိုးက များ ၍ သူ ချီးကျူးသမျှတို့ တွင် ထို တောင်သူလယ်သမား တို့ ၏ ရိုးသားခြင်း၊ သတ္တိရှိခြင်း၊ လုံ့လဝီရိယ ရှိခြင်း၊ ချစ်ခင်တတ်ခြင်း စသော ဂုဏ်အခြင်းအရာ မျိုးကသာ များ ခဲ့လေသည် ။ ထို့ပြင် ဖွဲ့ရာတွင် လည်း ဗျန်ဆင်သည် အဆင်တန်ဆာ အသိုင်းအဝိုင်း မတည် အန္တဲ့အပျောင်းကို မမှု။ အရိုးခံ သဘောတို့ ကို နှစ်သက် ဖွယ် ဖြစ်လာအောင် ပြေပြေပြစ်ပြစ် ရေး ဖွဲ့တတ်သည် ဟု ဆိုကြသည် ။ ထိုအကြောင်းတို့ ကြောင့် ဗျန်ဆင်သည် ၁၉၀၃ ခုနှစ် တွင် ကမ္ဘာကျော် နိုဗဲဆုချီးမြှင့်ခြင်း ခံခဲ့ရသည် ။

♥ ♥ ♥